
My Savage Queen
(ကျွန်ုပ်၏ရက်စက်တတ်သောမိဖုရား)
ပန်းရောင်စိတ်ကူး

## My Savage Queen

## Episode 1

ဘာကြောင့် လူတွေက ဗီလိန်ကို မုန်းကြတာလဲ ရှင်းပါတယ် မကောင်းတဲ့သူမို့လို့ ဗီလိန်ဆိုတာက လူကြမ်းမင်းသမီး ဇာတ်လိုက်မင်းသားကို ကြိုက်လွန်းလို့ဖြစ်စေ ဇာတ်လိုက်မင်းသမီးကို မုန်းလွန်းလို့ဖြစ်စေ ဖြစ်ပေါ်လာတဲ့ဇာတ်ကောင်တစ်ခု ...

xxxမြို့၏ အကြီးကျယ်ဆုံးသော လက်ထပ်မင်္ဂလာပွဲတစ်ခု။ ပန်းပေါင်းများစွာနှင့် တန်ဆာဆင်ထားပြီး ထူးခြားနေသည်က အဖြူရောင်ပန်းအမျိုးအစားကိုသာ အသုံးပြုထားသည်။ များပြားလှသော ဧည့်သည်များနှင့် စိမ်းနုနေသည့် မြက်ခင်းပြင်ကျယ်ကြီးပေါ်တွင် စားပွဲလှလှများနှင့် ထိုင်ခုံများအား ထောင်ပေါင်းချီအောင် ထားထားကတည်းက ထိုနေရာသည် xxxမြို့၏မြို့စားမင်းသား၏ ထိမ်းမြား မင်္ဂလာလက်ထပ်ပွဲမှန်း ခန့်မှန်းမိကြလေသည်။

"လှလိုက်တာ သတို့သမီးက"

အဖြူရောင် သတို့သမီး ဝတ်စုံလေးနှင့် ရိုးရိုးယဉ်ယဉ် ဝတ်ဆင်ထားပြီး မျက်နှာလေးက ဖြူနုလှပနေလေသည်။

ဝါညစ်ညစ်ကြေးမုံအား ကြည့်နေရင်းမှ သူမအလှအား အစေခံအပေါင်းက ချီးကျူးထောမနာပြုနေကြသည်။

အနီရောင်နှင်းဆီအနှစ်အား ထုတ်၍ နိုင်ငံခြားပြည်ပက ထုတ်သွင်းသော

ရေမွှေးပုလင်းလေးအား ဂရုစိုက်၍ ပိုင်ရှောင်ဟဲ့ ညှပ်ရိုးနားသို့ ဖျန်းပက်လိုက်သည်။

"မမလေး မင်္ဂလာအချိန်ကျပါပြီရှင့်"

"အင်း..."

နောက်တစ်ကြိမ် ဝါဖိန့်နေတဲ့ ကြေးမုံအား ကိုယ့်ပုံရိပ်အား ပြန်ကြည့်မိသည်။ ပိုင်ရှောင်ဟဲ့ ဆိုသည့် သူမသည် ဒီနေ့တွင် မြို့စားမင်းနှင့်လက်ထပ်ရတော့မည်။ ဝမ်ရယ်အား တရားဝင် ပိုင်ဆိုင်ရတော့ပေမည်။ မြို့စားမင်းဝမ်ရယ်အား လပ်ထပ်ခွင့်ရသူက သူမတစ်ယောက်တည်းဖြစ်ပြီး မြို့စားမင်းအား သူမပဲ ပိုင်ဆိုင်ခွင့်ရပေမည်။

"မမလေး ကြွချီလာပါပြီ"

ကြမ်းခင်းပေါ် ကျနေသည့် နောက်ပါးက ပဝါစအား အစေခံတစ်ဦးက သေချာ ကိုင်ထားပေးပြီး နောက်မှ လိုက်ပါလာလေသည်။

"မြို့စားမင်း ... ကြွလာတော့မယ်"

ရှင်းသန့်နေသည့် လူငယ်တစ်ဦးက မင်္ဂလာတံခါးဝသို့ အပြေးရောက်လာကာ တံခါးမှူးအား ပြောလေသည်။

စံအိမ်ထံမှ ဝေါယာဉ်နှင့်ထွက်လာသော မင်္ဂလာသတို့သမီးကတော့ သတို့သားထက် နောက်ကျမှ ရောက်လာပေလိမ့်မည်။

"ဟေး ... ဟေး ... မြို့စားမင်းကို မြင်ဖူးလား ရီ"

xxxမြို့အဝင်တံခါးဝမှ မြင်းပေါင်းများစွာနှင့်ခြံရံလာသည့် ဝေါယာဉ်ကြီးအား မိန်းမပျိုတစ်ဦးလှည့်ကြည့်ရင်း ဘေးနားကအဖော်မိန်းကလေးအား မေးသည်။ အနီရောင်ပိတ်စတို့ဖြင့် ဖုံးလွှမ်းထားသည့် ဝေါယာဉ်ကြီးက ရွှေရောင်ဖိတ်ဖိတ်တုန်နေသည်။ လက်ရာမြောက်စွာ ထိုးသွင်းထားတဲ့ဝေါ

ယာဉ်နံရံတွေက ဇာမဏီငှက်ပုံအား ဖော်ထားလေသည်။ အနီရောင်ပိတ်စခံ ပေါ်တွင်လည်း ဇာမဏီရွှေရောင်ငှက်ကြီးက ထင်လင်းနေသည်။

ဇာမဏီငှက်ပုံအား အသုံးပြုထားသောကြောင့် xxxမြို့၏အာဏာအရှိဆုံးနှင့် တစ်ခုတည်းသော ကျန်ရှိနေသည့် မင်းမျိုးမင်းနွယ် မိသားစုတစ်ခု ဖြစ်ကြောင်းကိုတော့ ကြားဖူးနားဝရှိဖူးပါသည်။

"မမြင်ဖူးဘူး ... မြို့စားမင်းကို မြင်ဖူးတဲ့မိန်းကလေးက သိပ်ကိုကံကောင်းတဲ့မိန်းကလေးပဲ မြို့စားမင်းရဲ့ဂုဏ်သတင်းက ... မိန်းကလေးတိုင်းရဲ့ အိပ်မက်က မြို့စားမင်းရဲ့သတို့သမီးဖြစ်ဖို့ပဲ"

"ဒါထက် မြို့စားမင်းရဲ့သတို့သမီးက ဘယ်သူလဲ"

စစ်မြေပြင်၌ အရှုံးမရှိသော စစ်သူကြီးတစ်ဦးဖြစ်သည့် မြို့စားမင်း၏ ဂုဏ်သတင်းက မင်းနေပြည်တော်အထိပါ တိုးပေါက်သွားပြီး ဘုရင့်မင်းမျိုး၏ အနွယ်တော်အဖြစ်သာ xxxမြို့၌ ကျန်ရှိနေလေသည်။

"ပိုင်ရှောင်ဟဲ့ ... ငါတို့မြို့ရဲ့ ဂုဏ်ရှိတဲ့ မိသားစုတစ်ခုက..."

"သူက ဘယ်မိသားစုကလဲ"

"ပိုင်စံအိမ်ရဲ့သမီး"

"ပိုင်စံအိမ် ... ပိုင်မျိုးရိုးဆိုတာက ဒီမြို့ရဲ့ဒုတိယမျက်နှာဖုံး မဟုတ်လား"

အမေးအဖြေလုပ်နေသည့် မိန်းကလေးနှစ်ဦးက xxxမြို့ တံခါးဝမှမြင်လာသော ဝေါယာဉ်ကြီးအား ကြည့်လိုက်၊ လမ်းဘေးတစ်ဖက်ရှိ အုံခဲနေသည့် လူအုပ်ကြီးကြားမှနေကာ သာမန်အတန်းစားရှိသည့် အဝတ်အစားများကို ဝတ်ဆင်ထားလေသည်။

"သေချာတာပေါ့ ဒါကြောင့် ဒီမင်္ဂလာပွဲက ဘုရားသခင်ကောင်းချီးပေးတဲ့ ပွဲပဲ နတ်ဖတ်တဲ့ဖူးစာ"

ပြေပြစ်နေသည့်မျက်ခုံးအား ကျုံ့၍ ပြောနေသော အဖြေစကားကြောင့် ရီ ဆိုသည့် မိန်းကလေးက ထပ်ပြောသည်။

"ဒါတင် ဘယ်ကမလဲ စစ်သူကြီး ဝမ်ရယ်ရဲ့ မိဖုရားခေါင်ကြီးတင်မြှောက် ပွဲမို့လို့ ငါတို့မြို့ကြီးမှာ ခုနစ်ရက် ခုနစ်လီ ကျင်းပလိမ့်မယ်။ ဒီပွဲက ဒီမြို့ရဲ့ အကြီးကျယ် ခမ်းနားဆုံးပွဲ"

သို့ရာတွင် သူတို့လူအုပ်ကြီးကြားမှ အနက်ရောင်ဝတ်ရုံနှင့် မိန်းမပျိုတစ် ဦးကိုတော့ သတိမထားမိလိုက်ပေ။ အနက်ရောင် ခါးမောက်အောက်က ပြာ လဲ့နေသည့် မျက်ဝန်းတွေက အပြာရောင်မီးတောက်နှင့် တူသည်။

ထို့ပြင် သွေးအေးအေးနှင့် သူမအကြည့်တွေက သွေးအေးလူသတ်သမား တစ်ယောက်၏ အကြည့်အတိုင်း။ ဇာပဝါတစ်ထည်အား မျက်နှာထက် အုပ် မိုးထားသောကြောင့် မျက်နှာအောက်ပိုင်းအား ပုံဖော်မရတော့ချေ။

ဒီဘဝတွင် ... လိုချင်တာ မရခဲ့ရင်တောင် နောင်ဘဝတွင်တော့ သူ့ကို ပိုင်ဆိုင်လိုရပါ၏။

"မြို့စားမင်း ..."

မြင်းမောင်းသမားက ဝေါယာဉ်တံခါးစအား လှစ်ခနဲ လှန်၍ အထဲရှိ လူ ပုဂ္ဂိုလ်အား ခေါ်လိုက်သည်။

သူ၏အသွင်မှာ တစ်စုံတစ်ရာအား ပြောပြလိုစိတ်ပြင်းထန် နေလေသည်။ ပဝါစက အသံကြားရုံလောက်သာ ဖွင့်ဟထားပြီး ထိုအထဲမှ မြို့စားမင်းဆို သူကိုတော့ ခုထိမမြင်ရသေးပေ။

"မရပ်နဲ့ ဆက်မောင်း ..."

ခပ်ရှရှအသံနှင့် ထိုသူမှာ အရည်အချင်းရှိသလောက် အသံမှာလည်း မင်း တစ်ပါး၏ အသံနေအသံထားအတိုင်း။

လမ်းဝတွင် ပိတ်ရပ်ထားသော အနက်ရောင်ဝတ်ရုံနှင့် လူတစ်ဦးက သူတို့ လာလမ်းအား တားဆီးနေ၏။

ယောကျ်ားသားတစ်ဦးပုံစံဖြစ်ပြီး တစ်တောင်လောက်ရှည်သော ဓားရှည် တစ်လက်အား ကိုင်ဆောင်ထားသည်။

"ရှီ ..."

ဓားအိမ်ထဲမှ ဓားထုတ်သည့်အသံက ချွင်ကနဲမြည်သွား၏။

"မြို့စားမင်း ..."

အဖြူရောင်မျက်နှာဖုံးအောက်က အသံက မြို့စားမင်းအား လုံးဝမကျေနပ် သည့် အရိပ်ယောင်။

"ဘာဖြစ်တာလဲ ..."

"ဘာဖြစ်ကြတာလဲ"

မီးပုံးတို့ချိတ်ဆွဲထားသည့် မြို့အဝင်လမ်း တစ်ဖက်တစ်ချက်ဆီမှ လူအုပ် ကြီးက စိတ်ဝင်စားလာကြသည်။

"ကောင်းကင်ဘုံကို အုပ်စိုးတဲ့ မင်းက ငရဲဘုံကိုအုပ်စိုးတဲ့ မင်းထက် သတ္တိရှိရမယ် မြို့တစ်မြို့ရဲ့မင်းက ကိုယ်ကျင့်သိက္ခာတရားနဲ့ ပြည့်ဝရမယ်"

မျက်နှာဖုံးအောက်မှ ကြုံးဝါးသံကြီးက မြို့တစ်ခွင်အား ဟိန်း၍ တိုက်စား သွားသည်။ ဆိုလိုချက်ပေါင်းများစွာနှင့် စကားကြောင့် လူအုပ်၏အသံက တိတ်ဆိတ်လျက်။

"မင်း ... ဘာကိုပြောချင်တာလဲ"

လှည်းဝင်ရိုးအား အောက်သို့နှိမ့်ချလိုက်ပြီးနောက် အနီရောင် ကတ္တီပါ သား ဝတ်ရုံအား ခန့်ညားစွာ ဝတ်ဆင်ထားသည့် လူသား ...

ထောင်မောင်းလှသည့်အရပ်နှင့် လက်ချောင်းတွေက သန်မာနေလျက်

ထောင့်ကျသည့်မျက်နှာထားနှင့် နှုတ်ခမ်းပါးက တင်းတင်းစေ့နေကာ ညိုနေ၏။

ရေပြင်ကဲ့သို့ ကြည်လင်သည့် စိမ်းပြာရောင် မျက်ဆန်တို့က သံသယတို့အား ဖောက်ထွင်းကြည့်နေသည့် မျက်ဝန်းတစ်စုံ။

နှာတံမြင့်မြင့်နှင့် သူ၏မျက်နှာမှာ စိမ့်စမ်းရေကဲ့သို့ အေးချမ်းလှလေသည်။

***

"မြို့စားမင်း ကြွချီလာပါပြီ"

မြက်ခင်းစိမ်းပေါ်တွင် နက်ပြာရောင် ကတ္တီပါကော်ဇောအား ခင်ကျင်းထားပြီး ရွှေရောင် ဖိနပ်တစ်စုံက ကျရောက်လာ၏။ အနီရောင် ဇာမဏီငှက်ပုံထိုးထားသည့် မင်္ဂလာသတို့သားဝတ်ရုံနှင့် သားနားလှသည့် ခင်ပွန်းလောင်းအား ရှောင်ဟဲ့ ကြည့်ခွင့်မရသေးပေ။ အနီရောင်ဇာပဝါလေးအား မျက်နှာထက် ခြုံလွှမ်းထားပြီး သူမသည်လည်း မင်္ဂလာဗိမာန်ထက်တွင် ခြေစုံရပ်နေ၏။ တူညီသည့်အရောင်ကိုသာ ဝတ်ထားပြီး ကြမ်းခင်းပေါ် ဖြာကျနေသည့် ပခုံးစပ်နှင့်ထိစပ်ထားသည့် ပဝါဖြူရှည်စကတော့ အဖြူရောင်ပန်းများနှင့် ပန်သင့်နေ၏။

"ဝမ်ရယ် ..."

ချိုသာ ငြိမ့်ညောင်းသော အသံလေးကြောင့် ဝမ်ရယ် စိတ်တိုင်းကျသွားရလေသည်။

"နင်သေရမယ် ... ပိုင်ရှောင်ဟဲ့"

ချုံအကွယ်နေရာတစ်ခုတွင် ပုန်းခိုနေသည့် မိန်းမပျိုလေးတစ်ဦး။ မြို့လမ်း

ထဲက မိန်းကလေးဖြစ်ပြီး အနီရောင်ဇာပဝါအား ပါးအို့ထက်မှစ၍ ဖုံးအုပ်ထားသည်။

ပြာလဲ့နေသည့် မျက်ဝန်းတစ်စုံအား ပိုင်ဆိုင်ထားကာ လက်တွင်လည်းလေးနှင့်မြားက အသင့်ရှိနေလေသည်။

"မင်္ဂလာအချိန် ကျရောက်လို့လာပါပြီ ..."

"ဟွန့် ..."

"ဝှီး ... ဖြောက်"

"ရှောင်ဟဲ့"

အနီရောင်ဝတ်ရုံနှင့်အတူ ရှောင်ဟဲ့၏ နှလုံးသားတည့်တည့်သို့ ထိုးမှန်သွားသည့် မြားတစ်စုံ။ သွေးခြင်းခြင်းနီသွားကာ ကြမ်းခင်းပေါ်သို့ ယိုင်နဲ့စွာကျရောက်သွားလေ၏။

ဝမ်ရယ်၏ နှုတ်ခမ်းပါးကလည်း ...

"ရှောင်ဟဲ့"

***